**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၈၇ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်

( ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် )

**လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းအစီအစဉ်များနှင့် တိုးချဲ့ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **"လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ<br>ဒုတိယဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ( ၁ ) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ( ၂ ) |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ( ၃ ) |
| (င) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ( ၁ ) | အဖွဲ့ဝင် |

(ဈ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဍ) ဒုတိယစာရင်းစစ်ချုပ် အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဎ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

(ဏ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

၂။ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေးဆွဲခဲ့ပြီးသော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မဟာဗျူဟာစီမံချက်အား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံအတွင်း လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအား လေ့လာဆန်းစစ်ခြင်း (Assessment) နှင့် ဌာနအသီးသီးတို့မှ ပူးပေါင်းအကောင်အထည်ဖော်နိုင်မည့်နည်းလမ်းများအား ချမှတ်ဆောင်ရွက်ရန်၊

(ခ) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနှင့်ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ လိုအပ်သောနည်းပညာနှင့် အရင်းအမြစ်များအား ရှာဖွေစုဆောင်းရန်၊

(ဂ) တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့်ညှိနှိုင်း၍ ဒေသအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များအား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် လိုအပ်ချက်များအားပြင်ဆင်ညှိနှိုင်းဆောင်ရွက်ရန်၊

(င) အန္တရာယ်ကျရောက်နိုင်သောအခြေအနေတွင်ရှိသည့် ကလေးသူငယ်များ၊ လူငယ်များနှင့် သက်ကြီးရွယ်အိုများစသည်ဖြင့် အသက်အရွယ်အပိုင်းအခြားအလိုက် လိုအပ်ချက်များအပေါ် အခြေခံသော လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(စ) အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ ဆင်းရဲနွမ်းပါးသူများနှင့် အခြားအန္တရာယ်ကျရောက်နိုင်သော အခြေအနေတွင်ရှိသူများအပါအဝင် အလွှာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၏ လိုအပ်ချက်များအပေါ် အခြေခံသောစောင့်ရှောက်မှု၊ ပံ့ပိုးမှုစနစ်တစ်ရပ် ခိုင်ခိုင်မာမာ ပေါ်ပေါက်စေရေးဆောင်ရွက်ရန်၊

(ဆ) နိုင်ငံသားအားလုံး၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ ဝင်ငွေအာမခံချက်နှင့် အလုပ်အကိုင်အာမခံချက်ရရှိရေး ဦးတည်ဆောင်ရွက်ရန်၊

(ဇ) အလုံးစုံလွှမ်းခြုံနိုင်သောကျန်းမာရေးအာမခံစနစ်၊ စိုက်ပျိုးရေးအာမခံစနစ် အပါအဝင် အာမခံစနစ်များထူထောင်ခြင်းဖြင့် အလုပ်သမား၊ လယ်သမားတို့၏ အခွင့်အရေးများကို မြှင့်တင်ရန်၊

(ဈ) ဘေးအန္တရာယ်တစ်ခုခုကြောင့်ဖြစ်ပေါ်လာသော ထိခိုက်ခံစားရသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊

(ည) လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စောင့်ကြည့်ကြီးကြပ်ခြင်း(Monitoring)နှင့် အကဲဖြတ်သုံးသပ်ခြင်း (Evaluation)များ ဆောင်ရွက်ရန်၊

(ဋ) အမျိုးသားကော်မတီသည် လိုအပ်ပါက လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်း၍ အသေးစိတ်လုပ်ငန်းများဆောင်ရွက်မှုကို လမ်းညွှန်ရန်။

၃။ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ ကို ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၂ - ၂ - ၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၈ / ၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး